# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၅၀)


**ဒို့တာဝန်အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

**လက်ခံတွေ့ဆုံ**

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံ

## အာဆီယံနိုင်ငံများအချင်းချင်း စီးပွားရေး ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံစီးပွားရေးဝန်ကြီးများဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ Senior Minister & Minister of Commerce, H.E. Mr. Cham Prasidh၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ Second Minister of Foreign & Trade, H.E. Phehin Dato Lim Jock Seng၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ Minister of Trade, H.E. Mr. Gita Irawan Wirjawan၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ Minister of Industry and Commerce, H.E. Dr. Nam Viyaketh၊ မလေးရှားနိုင်ငံ Minister of International Trade and Industry, H.E. Dato' Sri Mustapa Mohamed၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ Secretary of Department of Trade and Industry, H.E. Mr. Gregory L Domingo၊ စင်ကာပူသမ္မတနိုင်ငံ Minister of Trade and Industry, H.E. Mr. Lim Hng Kiang၊ ထိုင်းနိုင်ငံ Minister of Commerce, H.E. Mr. Boonsong Teriyapirom၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Minister of Industry and Trade , H.E. Dr. Vu Huy Hoang နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dr. Surin Pitsuwan တို့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**



ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ အာဆီယံနိုင်ငံများအချင်းချင်း စီးပွားရေး ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

## မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်)

# အသိနှင့်ယှဉ်၍ သတိနှင့်မောင်း

ယနေ့ခေတ်တွင် မော်တော်ယာဉ်သုံးစွဲမှု သိသာစွာများပြားလာသည်နှင့်အမျှ ယာဉ်မတော်တဆမှုများ တိုးပွားလာသည်ကို သတိပြုမိ၏။ ဤသို့အနိဋ္ဌာရုံသတင်းများ နေ့စဉ်နှင့်အမျှကြားသိနေရခြင်းကပင် ယာဉ်အသုံးပြုကြသူများနှင့် လမ်းအသုံးပြုသူများအတွက် သတိပြုဆင်ခြင်ဖွယ်ရာများဖြစ်သည်။ မည်သို့သောအကြောင်းကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားနေရသည်ကို ပြန်လည်စဉ်းစားသင့်ပေပြီ။

ယာဉ်တိုက်မှုများ၏ အဓိကအကြောင်းခံကို ဆန်းစစ်ကြည့်သော် ယာဉ်အသုံးပြုသူများ ယာဉ်စည်းကမ်း လိုက်နာမှု အားနည်းခြင်းကြောင့်သော်လည်းကောင်း၊ လမ်းအသုံးပြုသူများ၏ စည်းကမ်းမဲ့လမ်းဖြတ်ကူးခြင်း ကြောင့်သော်လည်းကောင်း၊ ယာဉ်စက်များ၏ ချွတ်ယွင်းမှုများကြောင့်သော်လည်းကောင်း ဖြစ်နိုင်ကြောင်း အကြမ်းအားဖြင့် မှတ်ယူနိုင်ပေသည်။ ဤသို့ဆိုလျှင် ယာဉ်အသုံးပြုကြသူများရော၊ လမ်းအသုံးပြုကြသူများပါ သူ့စည်းသူ့ကမ်းနှင့် မောင်းနှင်သွားလာကြရန် လိုအပ်ပေသည်။

တစ်ဖန် ယာဉ်တိုက်မှုဖြစ်စဉ်များကို ပြန်လည်လေ့လာကြည့်လျှင် မော်တော်ယာဉ်က လူကိုဝင်တိုက်သည့် ဖြစ်စဉ်၊ မော်တော်ယာဉ်အချင်းချင်း တိုက်သည့်ဖြစ်စဉ်၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တိုက်သည့် ဖြစ်စဉ်၊ မော်တော်ယာဉ်ကြီးနှင့် ယာဉ်ငယ်တိုက်သည့်ဖြစ်စဉ်ဟူ၍ လေ့လာတွေ့ရှိရ၏။

မော်တော်ယာဉ်က လူကိုဝင်တိုက်သည့်ဖြစ်စဉ်ကို လေ့လာကြည့်လျှင် လမ်းလျှောက်သူ၏ နမော်နမဲ့ နိုင်မှုကြောင့် ဖြစ်နိုင်သလို ယာဉ်မောင်းတို့၏ မဆင်မခြင်မောင်းနှင်မှုတို့ကြောင့်လည်း ဖြစ်နိုင်သည်။ လမ်း အသုံးပြုသူအချို့သည် လူကူးမျဉ်းကျားမှ ကူးရမည့်အစား အလွယ်တကူ နီးသည့်နေရာမှ ဖြတ်ကူးနေကြ သည်။ အချို့မှာ ယာဉ်သွားလမ်းပေါ်တွင် နမော်နမဲ့ သွားလာကြသူများလည်းရှိ၏။ အရှိန်နှင့်မောင်းလာသော ကားသည် ယင်းတို့ကို ရှောင်တိမ်းမောင်းနှင်ရာမှ ယာဉ်တိုက်မှုဖြစ်ပွားရ၏။ တစ်ဖန် ယာဉ်မောင်းသူတို့အနေဖြင့် သတ်မှတ်မိုင်နှုန်းထက် ပိုပြီးမောင်းနှင်ခြင်း၊ ဈေးများ၊ လူကူးမျဉ်းကျားများ၊ မီးပွိုင့်များ၌ အရှိန်လျှော့ မောင်းနှင်မှုအားနည်းခြင်းကြောင့်လည်း ယာဉ်တိုက်မှုများ ဖြစ်ပွားကြရ၏။

မော်တော်ယာဉ်အချင်းချင်း တိုက်မှုဖြစ်စဉ်တွင် မော်တော်ယာဉ်တစ်စီးနှင့်တစ်စီး ပြိုင်မောင်းခြင်း၊ ကျော်တက်ခြင်း၊ မီးပွိုင့်မီးနီဖြတ်မောင်းခြင်း၊ လမ်းပြောင်းပြန်မောင်းခြင်းတို့ကြောင့် ဖြစ်ပွားရခြင်းဖြစ်၏။ ယာဉ်အချင်းချင်းတိုက်မှုများကို အများအားဖြင့် လမ်းဆုံလမ်းခွများ၊ မီးပွိုင့်များအနီးတွင် မကြာခဏဖြစ်ပွားလေ့ ရှိသည်။ အထူးသဖြင့် ဘတ်စ်ကားများသည် မီးနီကိုလွတ်အောင် အရှိန်နှင့်မောင်းရာမှ ယာဉ်တိုက်မှုဖြစ်ပွား ရသည်။ မီးပွိုင့်တပ်ဆင်ထားခြင်းမရှိသော အချို့သောလမ်းဆုံများတွင်လည်း လမ်းကြောင်းအပြိုင်လုရာမှလည်း ယာဉ်တိုက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို မကြာခဏတွေ့ရပေသည်။

ယနေ့ခေတ်တွင် ရန်ကုန်မြို့ကြီး၌ ပုဂ္ဂလိကဆိုင်ကယ်များ စီးခွင့်မရှိသော်လည်း နေပြည်တော်၊ မန္တလေး ကဲ့သို့သောမြို့ကြီးများနှင့် နယ်မြို့များတွင် ဆိုင်ကယ်စီးခွင့်ရှိကြ၍ ဆိုင်ကယ်စီးသူ များပြားလာသည်။ ဆိုင်ကယ်စီးသူအချို့သည် ယာဉ်စည်းကမ်းလိုက်နာမှုအားနည်းသည်ကို တွေ့ရသည်။ ယာဉ်ကြီးများနှင့်အပြိုင် မောင်းနှင်ခြင်း၊ ကျော်တက်ခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်းတို့ကြောင့် မော်တော်ဆိုင်ကယ်များနှင့် မော်တော် ယာဉ်များတိုက်မှုဖြစ်ပွားရသည်ကို တွေ့ရပေသည်။

ယခု ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့၌ ယာဉ်တိုက်မှု ၁၉ မှုဖြစ်ပွားခဲ့ပြီး ၁၇ မှုမှာ မြို့တွင်း၌ဖြစ်ပွားခဲ့ကာ နှစ်မှုမှာ မြို့အပြင်၌ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထိုယာဉ်တိုက်မှုများကြောင့် သေဆုံးဒဏ်ရာရသူများလည်းရှိသည်။ လစဉ်လိုလို အလားတူယာဉ်တိုက်မှုများ ဖြစ်ပွားလျက်ရှိ၏။ ရန်ကုန်မြို့ မှာသာမက အခြားသောမြို့ကြီးများတွင်လည်း ယာဉ်တိုက်မှုများ တိုးပွားလျက်ရှိသည်။

ယာဉ်တိုက်မှုဖြစ်စဉ်များသည် ယာဉ်မောင်းသူများ၏ ပေါ့ဆမှုသက်သက်ကြောင့် ဖြစ်ရသည်ဟု မဆိုနိုင်သလို ခြေကျင်လျှောက်သူများတွင်လည်း တာဝန်ရှိပေသည်။ သို့သော် ယာဉ်အသုံးပြုသူ ယာဉ်မောင်း များကြောင့် ယာဉ်တိုက်မှုများ ပိုမိုများပြားလာသည်ကိုကား ငြင်းဖွယ်မရှိချေ။ အများစုသည် ယာဉ်မောင်းများ၏ ပေါ့ဆမှုကြောင့်သာဖြစ်ရသည်။

သို့ပါ၍ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ကြရာတွင် လမ်းအသုံးပြုလမ်းလျှောက်သူများ အနေဖြင့် လမ်းစည်းကမ်းလိုက်နာရမည်ဖြစ်သလို ယာဉ်အသုံးပြုသူ ယာဉ်မောင်းများအနေဖြင့်လည်း ယာဉ် စည်းကမ်းကို လိုက်နာသင့်ပေသည်။ ထို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိနှင့်ယှဉ်၍ သတိနှင့်မောင်းနှင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။



## မီးဘေးကြိုတင်ကာကွယ်ရေး မှော်ဘီ၌ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဈေးများမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြို့မဈေးကြီးအတွင်း သုံးစွဲနေသည့် လျှပ်စစ်မီးကြိုးများ၊ မိန်းခလုတ်များ တပ်ဆင်ထားမှု၊ အချိန်နှင့်စနစ်တကျ မီးသုံးစွဲမှု၊ ဈေးအတွင်း မီးသတ်ရေပိုက်ငုတ် တပ်ဆင်ထားရှိမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းကို၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးရဲမင်းကျော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက်စိုးတို့သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက်က စစ်ဆေးပြီး **(အပေါ်ပုံ)** ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ် မကျရောက်စေရန်နှင့် လျှပ်စစ်သတိ၊ လျှပ်စစ်အသိ အစဉ်ရှိစေရန် ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ငါးသားဖောက်နည်းပညာ ဟင်္သာတ၌ လက်တွေ့ပြသ

ဟင်္သာတ ဖေဖော်ဝါရီ ၂၆

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်တောင်သူများအား မျိုးငါးများ ပံ့ပိုးကူညီပြီး သားဖောက်နည်းပညာ လက်ဆင့်ကမ်း၍ သားပေါက်များ လုံလောက်စွာ ဖြန့်ဖြူးနိုင်ရေးလုပ်ငန်း အဖြစ် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဟင်္သာတ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းစိန်သည် ဟင်္သာတငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးမင်းမင်း၊ ငါးလုပ်ငန်းဦးစီး ဌာနဝန်ထမ်းများနှင့်အတူ ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၅ နာရီက ဟင်္သာတ မြို့နယ် အိပ်ပျက်ကျေးရွာရှိ တောင်သူ ဦးစံဝင်း၏ ငါးမွေးကန်သို့သွားရောက်ခဲ့ပြီး ဦးစံဝင်းအား ရွှေဝါငါးကြင်းမျိုး ငါးသုံးစုံအားပံ့ပိုးပေးခဲ့ပြီး ငါးသားဖောက် နည်းပညာကို လက်တွေ့ပြသပေးခဲ့ ကြောင်း သိရှိရသည်။ (ဝ၇၅)

# ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်း၌ တောင်သူပညာပေးပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အစုကြီးကျေးရွာအုပ်စုရှိ တောင်သူဦးစိန်ဝင်းလှိုင်၏ လယ်မြေနှစ်ဧကတွင် စိုက်ပျိုး ထားရှိသည့် ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုအပေါ် ဒေသခံတောင်သူများအား လက်တွေ့ပညာပေး ရှင်းလင်းပြသပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က အဆိုပါစပါးစိုက်ခင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေသခံတောင်သူများအား ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယတိုင်းဒေသကြီး မန်နေဂျာ ဦးသိန်းလွင်၊ ခရိုင်မန်နေဂျာ ဦးမြင့်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် စိုက်ကွင်းတာဝန်ခံ ဦးစိန်သင်းတို့က သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်နှင့်အညီ စိုက်ပျိုးနိုင်ခဲ့မှု၊ မျိုးကောင်းမျိုးသန့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးခြင်းဖြင့် တစ်ဧကစပါးတင်း ၂၀၀ အထိ ထွက်ရှိနိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး စိုက်ကွင်းအတွင်း လက်တွေ့ကွင်းဆင်းကြည့်ရှုလေ့လာကြကြောင်း သိရှိရသည်။ (ဝ၄၈)

## စာသင်ကျောင်းများနှင့် ကျန်းမာရေးဆေးပေးခန်းများ ကျောက်ဖြူမြို့နယ်၌လှူဒါန်း

ကျောက်ဖြူ ဖေဖော်ဝါရီ ၂၆

ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်း၏ အော်ပရေတာဖြစ်သော ဒေဝူးအင်တာ နေရှင်နယ်ကော်ပိုရေးရှင်း၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍအတွက် လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် ကျောက်ဖြူမြို့နယ်အတွက် အမေရိကန် ဒေါ်လာ ၁၈၀၀၀၀ တန်ဖိုးရှိ စာသင် ကျောင်းနှစ်ကျောင်းနှင့် ကျေးလက် ကျန်းမာရေးဆေးပေးခန်း သုံးခန်းကို လည်းကောင်း၊ စစ်တွေမြို့ အထွေထွေ ရောဂါကုဆေးရုံကြီးသို့ အမေရိကန် ဒေါ်လာ ၃၃၀၀၀တန်ဖိုးရှိ ဆေးနှင့် ဆေး ပေးခန်းသုံးကိရိယာများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။

ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်း၏ လူမှုစီးပွားအကျိုးပြု အစီအစဉ်အရ ရခိုင်ပြည်နယ်တွင် စာသင်ကျောင်းများ အသစ်ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံ ခြင်းလုပ်ငန်းများ၊ ကျန်းမာရေးနှင့် ရေရရှိ ရေးလုပ်ငန်းများအတွက် အမေရိကန် ဒေါ်လာ ၂ ဒသမ ၇သန်းခန့်သုံးစွဲပြီးဖြစ် ကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မျိုးငါးများနှင့် ငါးသားပေါက်များ ဖျာပုံမြို့နယ်၌ပေးအပ်



ဖျာပုံ ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုစေရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စု ဖိုးစွာကျေးရွာတွင် ရွှေဝါငါးကြင်းမျိုးငါးများ ပေးအပ်ခြင်း၊ ရွှေဝါငါးသားဖောက်ခြင်းကို လက်တွေ့ပညာပေး သားဖောက်ပြခြင်း၊ ငါးသားပေါက်များကို ဒေသခံတောင်သူများအား တစ်နိုင်တစ်ပိုင် မွေးမြူနိုင်ရေးအတွက် ပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရွှေဝါမျိုးငါးအထီး၊ အမ ခုနစ်စုံအား ဒေသခံတောင်သူများသို့ပေးအပ်ပြီး လက်တွေ့သားဖောက်ခြင်း ပညာပေးပြသကာ ရွှေဝါငါးကြင်း၊ ငါးသန် ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ကိုဒေသခံတောင်သူများသို့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ဝဲပုံ)(သောင်းညွန့်-ဖျာပုံ)**

## တီရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးတွင် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲက ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဦးစီးမှူးက ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်နှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ခရိုင်၊ မြို့နယ်ဦးစီးမှူးများက မိမိတို့မြို့နယ်အလိုက် ကြက်၊ ဝက်မွေးမြူရေးခြံများတွင် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်းများ၊ ပညာပေးဟောပြောခြင်းများဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲ ကုန်သည်လမ်းအပိုင်း(၂) အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ထုသုံးလက်မရှိ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်ကကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးညီလေး၊ မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဇော်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့တာဝန်ခံအရာရှိ ဦးစိုးသန်း၊ မြို့မိမြို့ဖဦးလှရွှေနှင့်မြို့မကြောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



## လူကုန်ကူးမှုတားဆီးကာကွယ်ရေး စဉ့်ကူး၌ အသိပညာပေးဟောပြော

စဉ့်ကူး ဖေဖော်ဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာတွင် လူမှောင်ခိုလူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာ ပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက လက်ပန်လှ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခွာကုန်းက လူမှောင်ခိုလူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ်တရားသူကြီး ဦးလှမျိုးလွင်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးဆွေဦးတို့က လူကုန်ကူးမှုတားဆီးကာကွယ် ရေးဥပဒေနှင့် ဆက်စပ်သော တည်ဆဲဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် အရေးယူဆောင်ရွက်ရမှုများကို ပညာပေးဟောပြောခဲ့ကြ ကြောင်း သိရှိရသည်။ (၄၃၃)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာဝူဘန်ကို၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ အဖွဲ့ဝင် ၁၈ ဦး ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**



တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)




(၁၈)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး၌ အာဆီယံ(၁၀)နိုင်ငံမှ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

# (၁၈)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

(၁၈)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမရဟိုတယ်၌ ကျင်းပသည်။

အာဆီယံစီးပွားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးတွင် အာဆီယံ(၁၀) နိုင်ငံမှ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ဦးဆောင်ပြီး အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၊ နိုင်ငံဆိုင်ရာကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံသံရုံးများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အာဆီယံ စီးပွားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးတွင် အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူသော ကမ္ဘောဒီးယားနိုင်ငံ အကြီးတန်းဝန်ကြီးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး H.E. Mr. Cham Prasidh က သဘာပတိအဖြစ် တာဝန်ယူပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် စိန်ခေါ်မှုများ၊ အားနည်းချက်များ၊ အထူးသဖြင့် ၂၀၁၂ ခုနှစ်တွင် အချိန်မီပြီးစီးရမည့်ကိစ္စများအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ထို့ပြင် ညီညွတ်မျှတသည့် စီးပွားရေးဖွံ့ဖြိုးမှုဒေသဖြစ်ပေါ်လာရေးအတွက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရန် ကိစ္စများ၊ ကုန်စည်ကုန်သွယ်ရေးကဏ္ဍ၊ ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်နိုင်ရန် ကိစ္စများ၊ အထူးသဖြင့် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အာဆီယံမူဘောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးမတိုင်မီ ၂၄-၂-၂၀၁၂ ရက်နှင့် ၂၅-၂-၂၀၁၂ ရက်တို့တွင် အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၇-၂-၂၀၁၂ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၄၀ ၂။ အင်္ဂဇေယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၃။ သံသာချို့အေးမင်္ဂလာတေး
- ၈:၀၀ ၄။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၃၀ ၆။ **စက်မှုဇုန်မှာ ကျွန်မစက်ရုံ လာတည်တော့မယ်**
- ၈:၄၀ ၇။ International News

**ညပိုင်း**

- ၃:၁၅ ၁။ **ထိုင်းနိုင်ငံ BEC-Tero Sasana ဘောလုံးအသင်းနှင့် Myanmar National League ကလပ်အသင်းများခြေစမ်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (BEC-Tero Sasana အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း) (အောင်ဆန်းအားကစားကွင်း ရန်ကုန်မြို့)**
- ၅:၂၀ ၂။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခြင်း)
- ၅:၃၀ ၃။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သမိုင်းဘာသာရပ်)
- ၆:၅၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချမ်းမြေ့ပျော်ရွှင်** (အပိုင်း-၇)
- ၇:၅၀ ၅။ **ဖွဲ့ကပင်နှင့်ပန်းရ သံလွင်တံတား (ဘားအံ)အလှ**
- ၈:၀၀ ၆။ ပြည်တွင်းသတင်း
- ၇။ နိုင်ငံတကာသတင်းများ
- ၈။ မိုးလေဝသအခြေအနေ
- ၉။ ကမ္ဘာ့ကျော်သရုပ်ဆောင်များ
- ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မွေးစားသား** (အပိုင်း-၂၈)
- ၁၁။ အိန္ဒိယရုပ်ရှင် **ဆွေမျိုးတော်ရင် ဘယ်လိုခေါ်လဲ** (အပိုင်း-၂)

# တယ်ရိုဆာဆနာအသင်းအား ရတနာပုံအသင်း ဂုဏ်ပြု

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံသို့လာရောက်၍ ခြေစမ်းပွဲများကစားနေသော ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီတယ်ရိုဆာဆနာအသင်းအား ရတနာပုံဘောလုံးအသင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် ည ၇ နာရီက မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် အသင်းသားများ၊ တယ်ရိုဆာဆနာအသင်းပိုင်ရှင် Brian Marcar နှင့် အသင်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဘီအီးစီတယ်ရိုဆာဆနာအသင်းပိုင်ရှင် Brian Marcar တို့က အမှာစကားပြောကြားကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**




# ပထမအကြိမ် ABC National Women Pool & Ball Championship ပြိုင်ပွဲကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

အားကစားဝန်ကြီးဌာနအားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် AMBUR ELECTRONIC ကုမ္ပဏီတို့ ပူးပေါင်းကျင်းပပြီး Myanmar Brewery Ltd. က အဓိက ကူညီပံ့ပိုးသော ပထမအကြိမ် ABC National Women Pool & Ball Championship ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကုက္ကိုင်းရေကူးအသင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ AMBUR ELECTRONIC ကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးတင်ဆောင်က ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် စာနယ်ဇင်းဆိုင်ရာများ၏ မေးမြန်းမှုများကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ABC National Women Pool & Ball Championship ပြိုင်ပွဲကို မတ် ၁၀ ရက် နံနက် ၁၀ နာရီမှ စတင်၍ ကုက္ကိုင်းရေကူးအသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသမီးများသည် မတ် ၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်(ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ ပထမဆုငွေ ကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ်ငါးသိန်း၊ တတိယဆုငွေကျပ်သုံးသိန်း၊ စတုတ္ထဆု ငွေကျပ်တစ်သိန်းခွဲ ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲ၏ အဆင့် ၅ မှ ၁၀အထိ တစ်ဦးလျှင် ဆုငွေကျပ်ငါးသောင်းစီနှင့် အဆင့်၁၁ မှ ၂၅ အထိ တစ်ဦးလျှင် ဆုငွေကျပ် သုံးသောင်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုပ်မြင်သံကြားဖမ်းစက် ရွှေပြည်သာ၌ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၇) ရပ်ကွက် စိုးရာဇာစာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၁၈ ရက်က အများပြည်သူအသိပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသော ၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ အလှူရှင်များဖြစ်သော အမှတ် (၇) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြစိုး၊ ဇနီး ဒေါ်ခင်မာချို (သား) ဗိုလ်ကြီးနေစိုးနှင့် သမီးမယမင်းမြတ်စိုးတို့က မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်အုန်းညွန့်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၁၆၆)**



## ဆုချီးမြှင့်

သဃ်န်းကျွန်းမြို့နယ် အမှတ် (၃၃) အခြေခံပညာမူလတန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပရာ ကျောင်းဘက်စုံ ထူးချွန်ပထမဆုရရှိသော စတုတ္ထတန်းမှ မောင်မင်းခန့်မောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူ ဆုချီးမြှင့်စဉ်။ (ပညာရေး)

# ရုရှားနိုင်ငံ၌ လေယာဉ်နှစ်စင်း ဂီယာချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရ



**မော်စကို ဖေဖော်ဝါရီ ၂၆**

ရုရှားနိုင်ငံနှစ်နေရာတွင် ဖေဖော်ဝါရီ ၂၄ ရက်က လေယာဉ်နှစ်စင်း အရေးပေါ် ဆင်းသက်ရသော်လည်း တစ်စုံတစ်ရာထိခိုက်သေဆုံးမှုမရှိကြောင်း ရုရှားမီဒီယာများက ဖေဖော်ဝါရီ ၂၅ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ရုရှားနိုင်ငံ စိန့်ပီတာဘတ်မြို့၌ ဖေဖော်ဝါရီ ၂၄ ရက် မော်စကိုစံတော်ချိန်ည ၆ နာရီ ၁၇ မိနစ်တွင် လူ ၄၄ ဦး လိုက်ပါသည့် လေယာဉ်သည် မောင်းနှင်ပျံသန်းစဉ်ဂီယာချွတ်ယွင်းပြီး ထိန်းချုပ်မှုမပြုလုပ်နိုင်သဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရသည်။ **(ဝဲပုံ)**ယူလီယာနော့ဗ်မြို့၌ ယင်းနေ့က လူနှစ်ဦးစီးနင်းလိုက်ပါသည့် လေယာဉ်ငယ်တစ်စင်းသည်လည်း အဆင်းဂီယာချွတ်ယွင်းခဲ့သဖြင့် လေယာဉ်ပြေးလမ်းပေါ်သို့ ဗိုက်နှင့် ဆင်းသက်ခဲ့ရကြောင်း၊ မည်သို့မျှ ထိခိုက်ပျက်စီးခြင်းမရှိကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

# အင်ဒိုနီးရှား၌ လေဆင်နှာမောင်းတိုက်ခတ်

**ဂျကာတာ ဖေဖော်ဝါရီ ၂၆**

အင်ဒိုနီးရှားနိုင်ငံ တောင်စူလာဝေစီပြည်နယ်နှင့် မြောက်စူမတြားပြည်နယ်တို့ကို ဖြတ်သန်းကာ ဖေဖော်ဝါရီ ၂၄ ရက်က လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ ငါးဦးသေဆုံးပြီး အိမ်နှင့်အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ဖေဖော်ဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

**တိုးမြင့်လာဖွယ်ရှိ**

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ယင်းဒေသများတွင် အိမ်နှင့်အဆောက်အအုံ ၉၈ လုံး ပျက်စီးခဲ့ပြီး သေဆုံးဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းမှာ ကနဦးကောက်ယူထားသည့် စာရင်းများဖြစ်ရာ ပျက်စီးမှုနှင့်ထိခိုက်ဒဏ်ရာရရှိမှုများ ထပ်မံတိုးမြင့်လာဖွယ်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးဆိုင်ရာဌာနမှ ဆူတိုပိုပူရာဝိုနူဂရိုဟိုက ပြောကြားသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သစ်ပင်များအမြစ်မှကျွတ်ကာ ပြိုလဲခဲ့ပြီး အဆောက်အအုံအများအပြားလည်းပြိုကျခဲ့ကြောင်း၊ ဆက်သွယ်ရေးနှင့်ဓာတ်အားလိုင်းများပြတ်တောက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အောက်ပုံ)** **(အင်တာနက်)**



# ဖိလစ်ပိုင်နိုင်ငံရှိ ပီအေအယ်လေကြောင်း ခရီးသည်လျော့နည်းမှုကြောင့် ပြီးခဲ့သည့်နှစ်အတွင်းအရှုံးပေါ်

**မနီလာ ဖေဖော်ဝါရီ ၂၆**

လေယာဉ်သုံးဆီဈေးနှုန်းမြင့်တက်ခြင်း၊ လေယာဉ်ပို့ဆောင်ရေးစရိတ်ကြီးမားခြင်းနှင့် ခရီးသည် ဦးရေလျော့နည်းခြင်းတို့ကြောင့် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိ ဖိလစ်ပိုင် လေကြောင်းလိုင်း(ပီအေအယ်)အနေဖြင့် ပီဆိုငွေ ၃ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၃ သန်း) အရှုံးပေါ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယခုအခါ ပီအေအယ်က ဖိလစ်ပိုင်မှ ဆန်မီဂွဲကော်ပိုရေးရှင်း(စက်စ်အမ်စီ)နှင့် အရောင်း အဝယ်ကိစ္စကို ပြောဆိုနေပြီဖြစ်ကြောင်း ပီအေအယ်ကုမ္ပဏီအရာရှိတစ်ဦးက ဖေဖော်ဝါရီ ၂၄ ရက်တွင် အတည်ပြုပြောကြားသည်။

အသေးစိတ်ကိုမူ ပြောဆိုရန် ၎င်းက ငြင်းဆိုလိုက်ပြီး လိုအပ်သည့်အခါတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။ **(အင်တာနက်)**

---

**မြန်မာ့အလင်း** နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

# ဘိုင်ဒူဂြိုဟ်တုကွန်ရက်၏ ၁၁ လုံးမြောက်ဂြိုဟ်တု တရုတ်လွှတ်တင်



**စီချန် ဖေဖော်ဝါရီ ၂၆**

ဘိုင်ဒူဟုအမည်ပေးထားသော တရုတ်ဂြိုဟ်တုကွန်ရက်တွင် ချိတ်ဆက်နိုင်ရေးအတွက် ၁၁ လုံးမြောက်ဆက်သွယ်ရေးဂြိုဟ်တုကို ဖေဖော်ဝါရီ ၂၅ ရက်က အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း တရုတ်အရာရှိများက ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

အဆိုပါ ဂြိုဟ်တုကို လောင်းမတ်ချ်-၃ စီအမည်ရှိ တရုတ်ဒုံးပျံက သယ်ဆောင်သွားခြင်းဖြစ်ပြီး စီချွမ်ပြည်နယ် အနောက်တောင်ပိုင်း စီချန်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ယင်းနေ့ ပေကျင်းစံတော်ချိန်မွန်းလွဲ ၁၂ နာရီ ၁၂ မိနစ်က လွှတ်တင်လိုက်ခြင်းဖြစ်သည်။ **(ဝဲပုံ)**

**အသုံးပြုခဲ့**

ယင်းဂြိုဟ်တုကို သယ်ဆောင်သွားသည့် လောင်းမတ်ချ်အမျိုးအစားဒုံးပျံသည် တရုတ်နိုင်ငံမှ အာကာသသို့လွှတ်တင်သည့် ၁၅၈ ကြိမ်မြောက်ဒုံးပျံလည်းဖြစ်သည်။ တရုတ်နိုင်ငံမှ ဆက်သွယ်ရေးဂြိုဟ်တုများ၊ အာကာသခရီးစဉ်များနှင့် အာကာသရေးရာသုတေသနပြုမှုများတွင် တရုတ်ပြည်တွင်းထုတ် လောင်းမတ်ချ်ဒုံးပျံကိုသာ အသုံးပြုခဲ့ခြင်းဖြစ်သည်။

ယခုလွှတ်တင်လိုက်သည့် ဂြိုဟ်တုသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ စတင်ကာ ကွန်ရက်တစ်ခု သဖွယ်ချိတ်ဆက်ထားသည့် ဘိုင်ဒူဂြိုဟ်တုကွန်ရက်တွင် ၁၁ လုံးမြောက်ဂြိုဟ်တုအဖြစ် ပါဝင်ချိတ်ဆက်အားဖြည့်မည်ဖြစ်ပြီး ပို့ဆောင်ရေး၊ ရာသီဥတု၊ ပင်လယ်ငါးဖမ်းမှုနှင့် မြေပုံထုတ်ပြန်မှုလုပ်ငန်းများအတွက် ပိုမိုကောင်းမွန်သော သတင်းဓာတ်ပုံများ ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ **(အင်တာနက်)**

# အင်ဒိုနီးရှားနိုင်ငံ၌ ရေလွှမ်းမှုဖြစ်ပွား

**ဂျကာတာ ဖေဖော်ဝါရီ ၂၆**

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် ဖေဖော်ဝါရီ ၂၅ ရက်က မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူအများအပြား ရေဘေးဒုက္ခနှင့်ကြုံတွေ့ရလျက်ရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ဖေဖော်ဝါရီ ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။

ရေလွှမ်းမှု အဆိုးရွားဆုံးကြုံတွေ့နေရသည့်ဒေသမှာ တန်စီခရိုင်၌ဖြစ်ပြီး လူတစ်ဦးပျောက်ဆုံးကာ မိသားစုအများအပြား အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ အိမ် ၁၈ လုံးမှာ ရေစီးထဲမျောပါသွားခဲ့ကြောင်း ဒေသခံအရာရှိများက ပြောကြားသည်။ ရေဘေးဒုက္ခကြုံတွေ့နေရသူများအား အင်ဒိုနီးရှားနိုင်ငံ အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စေလျက်ရှိသည်။ **(အင်တာနက်)**

# ကမ္ဘာ့အရပ်အမြင့်ဆုံးလူသား ဆူလ်တန် ဦးနှောက်အကျိတ်ခွဲစိတ်ကုသပြီးနောက် လေ့ကျင့်ခန်းများ ပြုလုပ်နေ

**အန်ကာရာ ဖေဖော်ဝါရီ ၂၆**

ကမ္ဘာပေါ်တွင် သက်ရှိထင်ရှားလူသားများအနက် အရပ်အမြင့်ဆုံးလူသားဖြစ်သည့် ဆူလ်တန်ကိုဆန်သည် ဦးနှောက်တွင်ရှိသော အကျိတ် ခွဲစိတ်ကုသမှုခံယူပြီးနောက် ယခုအခါ လမ်းလျှောက်သည့် ကိုယ်လက်လေ့ကျင့်ခန်းများပုံမှန်ပြုလုပ်နေပြီဖြစ်ကြောင်း တူရကီနိုင်ငံ အနာတိုလီယာသတင်းဌာနမှ ဖေဖော်ဝါရီ ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။

**မြင့်မားနေ**

တူရကီနိုင်ငံ မာဒင်မြို့သား အသက် ၃၀ အရွယ်ရှိ ကမ္ဘာ့အရပ်အမြင့်ဆုံးလူသားအဖြစ် ဂင်းနက်စ်စံချိန်တင်ထားသည့် ဆူလ်တန်ကိုဆန် **(ယာပုံ)**၏ အရပ်မှာ လက်ရှိအချိန်၌ ၈ ပေ ၃ လက်မဖြစ်သည်။ ညီအစ်ကိုသုံးဦးနှင့် ညီမတစ်ဦးတို့မှာ ပုံမှန်အရပ်အတိုင်းသာရှိပြီး ဆူလ်တန်ကိုဆန်တစ်ဦးသာ ထူးထူးခြားခြားအရပ်မြင့်မားနေခြင်းဖြစ်သည်။

ဆူလ်တန်ကိုဆန်သည် ၎င်း၏ဦးနှောက်အောက်ပိုင်းတွင်ဖြစ်တည်နေသော ခန္ဓာကိုယ်ကြီးထွားမှုကို အကျိုးပြုစေသည့် ဟော်မုန်းကိုထုတ်လုပ်ပေးသော အကျိတ်ကို ဆရာဝန်များက ခွဲစိတ်ဖယ်ရှားကုသပေးလိုက်ခြင်းဖြစ်သည်။

**အတူနေထိုင်**

ဆူလ်တန်ကိုဆန်သည် အရပ်မြင့်မားနေမှုကြောင့် အလုပ်မလုပ်နိုင်ဘဲ နေအိမ်တွင်တေးဂီတနားထောင်ခြင်း၊ ရုပ်မြင်သံကြားအစီအစဉ်များကြည့်ခြင်းနှင့် ဂိမ်းကစားခြင်းများ ပြုလုပ်၍ မိဘများနှင့်အတူနေထိုင်လျက်ရှိသည်။ **(အင်တာနက်)**



---

## နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၂၆-၂-၂၀၁၂)

➤ တင်မောင်လွှင် - စုစည်းသည် ➤

# တရုတ် (တိုင်ပေ)တွင် လျှပ်သုံးကြိမ်ဆင့်ကဲလှုပ်

တရုတ်(တိုင်ပေ)ရှိ ပင်တွန်စီရင်စုဒေသတွင် ဖေဖော်ဝါရီ ၂၆ ရက် ပေကျင်းစံတော်ချိန် နံနက် ၁၀ နာရီ ၃၄ မိနစ်က အင်အား ၆ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်သွားကြောင်း တရုတ်မြေငလျင်တိုင်းတာရေးဌာနမှ ထုတ်ပြန်ကြေညာသည်။ အဆိုပါငလျင်သည် မြောက်လတ္တီတွဒ် ၂၂ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၂၀ ဒသမ ၈ ဒီဂရီကြား၊ မြေအောက် ၂၀ ကီလိုမီတာ အနက်၌ ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။ တရုတ်အာဏာပိုင်များ၏ ပြောကြားချက်အရ ယင်းငလျင်သည် ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိပြီး ပင်တွန်စီရင်စု၏အရှေ့မြောက်ဘက် ၃၀ ဒသမ ၄ ကီလိုမီတာအကွာခန့်၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်သည်ဟု ဆိုသည်။ အဆိုပါအင်အားပြင်းငလျင်လှုပ်ပြီး မိနစ်အနည်းငယ်ကြာတွင် ပြင်းအား ၄ ဒသမ ၀ အဆင့်နှင့် ၄ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ ငလျင်နှစ်ခု ဆင့်ကဲလှုပ်ခဲ့ကြောင်း အဆိုပါဒေသဆိုင်ရာ အာဏာပိုင်များက ဆက်လက်ပြောကြားခဲ့သည်။

# ၃-ဂျီဆက်သွယ်ရေးဂြိုဟ်တု အမေရိကန်လွှတ်တင်

**အမေရိကန်ရေတပ်က ကိတ်ကာနေဗယ်လေတပ်အခြေစိုက်စခန်းမှနေ၍ ၃-ဂျီဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ဖေဖော်ဝါရီ ၂၄ ရက်က လွှတ်တင်လိုက်ကြောင်း အမေရိကန်အရာရှိများက ဖေဖော်ဝါရီ ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။**

**အဆိုပါ ဂြိုဟ်တုကို ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၅ နာရီ ၁၅ မိနစ်၌ လွှတ်တင်လိုက်ခြင်းဖြစ်သည်။ ၎င်းဂြိုဟ်တုသည် လေယာဉ်များ၊ သင်္ဘောများ၊ ရေငုပ်သင်္ဘောများနှင့် မြေပြင်တပ်ဖွဲ့ဝင်များအတွက် ဆက်သွယ်ရေးစနစ် ယခင်ကထက် ၁၀ ဆပိုမိုလျင်မြန်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။ ယင်းဂြိုဟ်တုကို ကနဦးက ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်များက လွှတ်တင်ရန်စီစဉ်ခဲ့သော်လည်း ဂြိုဟ်တုလွှတ်တင်ရေးစခန်း၌ လေတိုက်ခတ်မှုနှုန်းမြင့်မားနေခြင်းကြောင့် ရက်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ယခုဂြိုဟ်တု လွှတ်တင်ခြင်းကြောင့် ဆက်သွယ်ရေးစနစ် ပိုမိုကောင်းမွန်လာစေမည်ဖြစ်ပြီး ဒေသအလိုက်ဆက်သွယ်ရေးစနစ် ပိုမိုလျင်မြန်စေရန် အထောက်အကူပြုစေမည်ဖြစ်သည်။**

# ဖိလစ်ပိုင်အလယ်ပိုင်း လူသတ်မှု ငါးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း တာလန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂၅ ရက် နံနက်က သုံးဘီးယာဉ်မောင်းတစ်ဦးက ပုဆိန်ဖြင့်ခုတ်သတ်သဖြင့် သက်ကြီးရွယ်အိုငါးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာပြင်းထန်စွာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စူမန်ရှားမြို့ ဘူးဝမ်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၅ နာရီခွဲက အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ အခင်းဖြစ်နေရာသို့ ရောက်လာသည်ကို တွေ့မြင်သည့်အခါ မသင်္ကာဖွယ်ပြစ်မှုကျူးလွန်သူ အာရိုးရိုးဒန် ၂၅ နှစ်မှာ အဖမ်းခံလိုက်ရသည်။ ရဲစစ်ချက်အရ အာရိုးရိုးဒန်မှာ စိတ်ရောဂါခံစားနေရသူတစ်ဦးဖြစ်ဟန်ရှိသည်ဟုဆို၏။ ၎င်း၏လက်ထဲတွင် ပုဆိန်နှင့်ကြိုးတစ်ချောင်း တွေ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

# ပုံနှိပ်အရည်အသွေးကောင်းမွန်ရေးတို့ကို ယခုထက် ပိုမိုကြိုးပမ်းမြှင့်တင်ဆောင်ရွက် အရည်အသွေးမြင့်စက္ကူများ ပြည်တွင်းမှာပင်ထုတ်လုပ်နိုင်ရေး ရေရှည်မျှော်မှန်းချက်ဖြင့်စီမံ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် လုပ်ငန်းရှင်များ ကဏ္ဍအလိုက် တက်ညီလက်ညီ ကြိုးပမ်း





**ကြည့်ရှု**

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မန္တလေးမြို့ရှိ ထိပ်တန်း စက္ကူ ပုံနှိပ်နှင့် ဗလာစာအုပ်ချုပ်လုပ်ငန်း စက်ရုံအတွင်း ကြည့်ရှုစဉ်။**

(သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ဖိုးရာဇာလမ်းရှိ ထိပ်တန်းစက္ကူ ပုံနှိပ်နှင့် ဗလာစာအုပ်ချုပ်လုပ်ငန်းစက်ရုံ ရှင်းလင်းဆောင်၌ မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်း အမှုဆောင်အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာတင်စိန်က အသင်း၏ဖွဲ့စည်းပေါ်ပေါက်လာမှုနှင့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အသင်းအမှုဆောင် ဦးအောင်ကျော်ဝင်းက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လည်းကောင်း၊ ထိပ်တန်းစက္ကူပုံနှိပ်နှင့် ဗလာစာအုပ်ချုပ်လုပ်ငန်းပိုင်ရှင် ဒေါက်တာတင်စိန်က စာအုပ်ချုပ်လုပ်ငန်းကို စတင်တည်ထောင်ဆောင်ရွက်ခဲ့မှုနှင့်လုပ်ငန်းများ တဖြည်းဖြည်း တိုးတက်ဆောင်ရွက်အောင်မြင်လာမှု ယခုအခါ အထက်မြန်မာပြည် တစ်ဝန်းလုံးသို့ ဗလာစာအုပ်များ ဈေးနှုန်းချိုသာစွာဖြန့်ဖြူးနေမှုတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ တိုင်းဒေသကြီး ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခွင့်ရရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ပုံနှိပ်အော့ဖ်ဆက်နှင့် မိတ္တူစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေသည်ကိုမြင်တွေ့ရ၍ ဝမ်းသာပါကြောင်း၊ လုပ်ငန်းများဆက်လက် ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေးအတွက် ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ပုံနှိပ်လုပ်ငန်းသည် ပြည်သူများ၏ အသိပညာဗဟုသုတနယ်ပယ်၊ လူမှုရေးနယ်ပယ်၊ ကုန်သွယ်ရောင်းဝယ်မှုနယ်ပယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ် (၄)ရပ်နှင့် ဆက်စပ်လျက်ရှိပါကြောင်း။

အသိပညာဗဟုသုတနယ်ပယ်တွင် အပတ်စဉ်ထုတ်၊ လစဉ်ထုတ် ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်စာစောင်များစွာ ပုံနှိပ်ထုတ်ဝေလျက်ရှိပါကြောင်း၊ လူမှုရေးနယ်ပယ်တွင် မန္တလေးတိုင်းဒေသကြီးသည် အထက်မြန်မာပြည်၏ ဗဟိုချက်ချာနေရာဌာနတစ်ခုဖြစ်၍ သာရေး၊ နာရေး၊ လူမှုရေးဆိုင်ရာဖိတ်စာ၊ အကြောင်းကြားစာနှင့် စာတမ်းများစွာ ရိုက်နှိပ်ဖြန့်ဖြူးနေရပါကြောင်း။

ကုန်သွယ်ရောင်းဝယ်မှုနယ်ပယ်တွင် တံဆိပ်လုပ်ငန်း၊ အိတ်ခွံ ဘူးခွံများရိုက်နှိပ်ခြင်းလုပ်ငန်း၊ ကြော်ငြာလုပ်ငန်းများ ပုံနှိပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပလတ်စတစ်အိတ်အစားထိုးသုံးစွဲရန် စက္ကူအိတ်လုပ်ငန်းများလည်း ပိုမို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်လာရသည်ကို တွေ့ရပါကြောင်း။

ထို့ပြင် မန္တလေးမြို့တွင် ဂျာနယ်မဂ္ဂဇင်းနှင့် စာအုပ်စာစောင်များ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အခြားသော ပုံနှိပ်ဈေးကွက်များကို ယှဉ်ပြိုင်နိုင်ရန် တိုးတက်ခေတ်မီသော ပုံနှိပ်စက်များ အသုံးပြုနိုင်ရေး၊ ကိုင်တွယ်အသုံးပြုသော ဝန်ထမ်းများ၏ ကျွမ်းကျင်မှု ပိုမိုတိုးတက်ရေး၊ ပုံနှိပ်အရည်အသွေးကောင်းမွန်ရေးတို့ကို ယခုထက် ပိုမိုကြိုးပမ်းမြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

တစ်ဆက်တည်းမှာပင် မိမိတို့နိုင်ငံအနေဖြင့် စက္ကူများကို ပြည်ပမှ မှာယူတင်သွင်းနေရဆဲဖြစ်ရာ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးမြင့် စက္ကူများကို မိမိတို့ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်ရေးကို ရေရှည်မျှော်မှန်းချက်ဖြင့် စဉ်းစားစီမံဆောင်ရွက်ကြရန် အကြံပြုမှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် လုပ်ငန်းရှင်များ ကဏ္ဍအလိုက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နိုင်ပါက ပုံနှိပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ဦးက ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၀၀၊ ထိပ်တန်းစက္ကူပုံနှိပ်လုပ်ငန်းနှင့် ဗလာစာအုပ်ချုပ် လုပ်ငန်းပိုင်ရှင် ဒေါက်တာတင်စိန်က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၀နှင့် အသင်းတွဲဖက်အတွင်းရေးမှူး(၂)ဦးသိန်းမြင့်က ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၃၀၀ စုစုပေါင်း ဒါဇင် ၁၀၀၀ ကို ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းပညာရေးအစီအစဉ်များတွင်အသုံးပြုရန်အတွက် ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ထိပ်တန်းစက္ကူပုံနှိပ်နှင့် ဗလာစာအုပ်ချုပ်လုပ်ငန်း စက်ရုံအတွင်း One Unit အော့ဖ်ဆက်လေးလုံး၊ Four Unit အော့ဖ်ဆက်တစ်လုံးတို့ဖြင့် ဗလာစာအုပ်များ ထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုကာ ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားရေး အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ယုဝတီစက္ကူနှင့် ပုံနှိပ်အော့ဖ်ဆက်လုပ်ငန်းသုံးပစ္စည်းရောင်းဝယ်ရေး၊ စတားအင်ပါယာ ဒစ်ဂျစ်တယ်ဖလင်ကာလာခွဲနှင့် ဗွီနိုင်းလုပ်ငန်း၊ ရွှေရည်ဝင်းဖိတ်စာ၊ ယပ်တောင်၊ စက္ကူဂျပ်ပစ္စည်း အမျိုးမျိုး ရောင်းဝယ်ရေးနှင့် တက်နေလင်းအော့ဖ်ဆက်နှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးမည့် အချက်များအား ဆွေးနွေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးကြပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ညပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့က မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့အား ထာဝရငြိမ်းချမ်းရေးအတွက် ညစာဖြင့်တည်ခင်းဧည့်ခံပြီး မွန်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့မှ မွန်၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသားရိုးရာအကများဖြင့် ဖြေဖျော်ကြကာ နိုင်ငံတော်သမ္မတ၏ ထာဝရငြိမ်းချမ်းရေးလက်ဆောင်အဖြစ် ပေးအပ်သော Sky Net အစုံ (၂၀)အား နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးအောင်မင်းတို့က မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ရော့စအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ထာဝရငြိမ်းချမ်းရေးလက်ဆောင်အဖြစ် Sky Net (၁၀)စုံနှင့် ပန်းခြင်းအား မွန်ပြည်သစ်ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးနိုင်တလညီအားလည်းကောင်း၊ မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့၏ ရန်ပုံငွေအဖြစ် ငွေကျပ် သိန်း ၂၀၀ ကို မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ရော့စအားလည်းကောင်း ပေးအပ်ကြသည်။

ဖေဖော်ဝါရီ ၂၅ ရက်တွင် မော်လမြိုင်မြို့ရှိ Strand Hotel ၌ ပဏာမသဘောတူလက်မှတ်ရေးထိုးပွဲ ကျင်းပရာ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးဇော်မင်း၊ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တင်မောင်ဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးမှူး (ပထမတန်း) အရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဦးစီးမှူး (ပထမတန်း) (ပြည်သူ့စစ်)၊ မွန်ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ရော့စ ဦးဆောင်သည့်အဖွဲ့ဝင်များနှင့်နှစ်ဖက်သောငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးအဖွဲ့မှ ဗိုလ်မှူးကြီးဌေးမြင့်အောင် ဦးစီး(၅)ဦးနှင့် မွန်ပြည်သစ်ပါတီမှ ဖွဲ့စည်းပေးသော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးနိုင်တလညီ ဦးစီး(၅)ဦး တို့သည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က နှစ်ဖက်ပဏာမ သဘောတူညီခဲ့သော ပြည်နယ်အဆင့် သဘောတူညီချက်(၅)ချက်အား ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးဇော်မင်း၊ ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့်တို့၏ရှေ့မှောက်၌ အတည်ပြုသဘောတူလက်မှတ်ရေးထိုးကြသည်-

**အတည်ပြုသဘောတူညီချက်များမှာ -**

(က) နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းရန်ကိစ္စ။

(ခ) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့်ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အဖွဲ့ တရားဝင်ဖွဲ့စည်းပေးရန်နှင့် ဆွေးနွေးမည့်နေ့ရက်၊ အချိန်နှင့်နေရာတို့ကို ညှိနှိုင်းရန်ကိစ္စ။

(ဂ) ဆက်ဆံရေးစခန်းကို နှစ်ဖက်သဘောတူသည့် သင့်တော်ရာနေရာ၌ (လက်နက်မပါ)ထားရှိရန်ကိစ္စ။

(ဃ) နှစ်ဖက်သဘောတူညီထားသောနယ်မြေများမှအပ နယ်မြေကျော်လွန်လက်နက်ကိုင်ဆောင်သွားလာမှုများကို နှစ်ဖက်ကြိုတင်ညှိနှိုင်းပြီး ဆောင်ရွက်မည်။

(င) နှစ်ဖက်သဘောတူညီမှု ညှိနှိုင်းရရှိထားသည့် သတ်မှတ်နေရာများတွင် နေထိုင်ရန်ကိစ္စ။

ယင်းနောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ပြည်ထောင်စုအဆင့် ပဏာမသဘောတူညီချက်(၄)ချက်အား လက်မှတ်ရေးထိုးကြသည်။ အဆိုပါ သဘောတူညီချက်များမှာ-

(က) တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရန်၊ အထူးသဖြင့် တိုင်းရင်းသားနယ်မြေများအတွင်း ဖြစ်ပွားနေသည့်လက်နက်ကိုင်ပဋိပက္ခများ အမြန်ဆုံးရပ်စဲရန်။

(ခ) အပစ်အခတ်ရပ်စဲချိန်မှစ၍ အများဆုံး(၄၅)ရက်အတွင်း နိုင်ငံရေးဆွေးနွေးပွဲ စတင်ရန်။

**သင့်တော်သောအကျိုးဆောင်ပုဂ္ဂိုလ်များကို လေ့လာအကဲခတ်သူအဖြစ် ပါဝင်ခွင့်ပြုပြီး-**

(၁) လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းအားလုံးနှင့် အပစ်အခတ်ရပ်စဲပြီးစီးပါက လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်များ၊ နိုင်ငံရေးဆွေးနွေးဖော်ဆောင်သွားရန်။ အကယ်၍ မိမိတို့နှင့် အပစ်အခတ်ရပ်ချိန်မှစပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ အဖွဲ့အစည်းအားလုံးနှင့် အပစ်အခတ်ရပ်စဲနိုင်ခြင်း မရှိသေးပါက စုစည်းနိုင်သော အပစ်ရပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်တို့ နိုင်ငံရေးဆွေးနွေးပွဲ စတင်ဖော်ဆောင်သွားရန်။

(၂) ဤနိုင်ငံရေးဆွေးနွေးပွဲ ပြေလည်မှုအပေါ်အခြေခံ၍ ပြည်တွင်းတိုင်းရင်းသားနိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် ဒီမိုကရေစီအင်အားစု နိုင်ငံရေးပါတီများ၏ကိုယ်စားလှယ်များပါ ပါဝင်စေပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို ဆက်လက်ဆွေးနွေးသွားရန်။

(၃) အထက်ပါဆွေးနွေးပွဲမှရရှိသော သဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် အမြန်ဆုံးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန်။

(ဂ) အပစ်အခတ်ရပ်စဲရေးစတင်ချိန်မှစ၍ ဒေသတည်ငြိမ်အေးချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှင့်အစိုးရ ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်သွားကြရန်။

(ဃ) **အထွေထွေတင်ပြချက်များ**။ အပစ်အခတ်ရပ်စဲထားစဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်နေစဉ်အတွင်း-

(၁) ရဟန်းရှင်လူပြည်သူလူထုနှင့်ထိတွေ့ဆက်ဆံ၊ အပြန်အလှန်ကူညီရိုင်းပင်းနိုင်ခွင့်ရှိရန်၊

(၂) ပြည်တွင်းနိုင်ငံရေးပါတီများနှင့် ထိတွေ့ဆက်ဆံနိုင်ခွင့်ရှိရန်၊

(၃) ပြည်တွင်း ပြည်ပ NGO အဖွဲ့များနှင့် ထိတွေ့ဆက်ဆံနိုင်ခွင့်ရှိရန်၊

(၄) သတင်းဌာနများ၊ မီဒီယာများတို့နှင့် ထိတွေ့ဆက်ဆံနိုင်ခွင့်ရှိရန်။ နိုင်ငံရေး ဆွေးနွေးပွဲရလဒ်ကို ပြည်သူလူထုအား လိုအပ်သလိုအသိပေးရန်။

(၅) နိုင်ငံခြားသံတမန်များနှင့် ထိတွေ့ဆက်ဆံရာတွင် ကြိုတင်ညှိနှိုင်းသဘောတူညီချက်ဖြင့် ဆောင်ရွက်ရန်၊

(၆) အပစ်အခတ်ရပ်စဲထားစဉ်ကာလအတွင်း မွန်ပြည်နယ်နှင့် ဆက်စပ်နယ်မြေများတွင် စစ်အင်အားထပ်မံတိုးချဲ့ချထားခြင်း မလုပ်ဆောင်ရန်၊

(၇) အကျဉ်းထောင်များတွင် ကျန်ရှိနေသေးသည့် နိုင်ငံရေးသမားများကို အားလုံး လွှတ်ပေးရန်နှင့် အကျဉ်းထောင်အတွင်းရှိ မွန်ပြည်သစ်ပါတီမှ ရဲဘော်များအားလည်း သက်ညှာစာနာထောက်ထား၍ လွှတ်ပေးပါရန်၊

(၈) ပြစ်မှုကျူးလွန်ပြီး တစ်ဖက်တပ်တစ်ခုမှ အခြားတစ်ဖက်တပ်တစ်ခုသို့ ထွက်ပြေး တိမ်းရှောင်ဝင်ရောက်လာသော ရာဇဝတ်သားများနှင့် ပတ်သက်၍ သက်ဆိုင်ရာနှစ်ဖက်တာဝန်ရှိပုဂ္ဂိုလ်များက ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားကြရန်၊

(၉) စေတနာလုပ်အားပေးမှုလွဲ၍ အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းကို နှစ်ဖက်စလုံးမှ ရှောင်ကြဉ်ရန်၊ ပြဿနာဖြစ်တည်နေသည့် ပြည်သူများ၏ မြေယာများကိစ္စကို နှစ်ဖက်ညှိနှိုင်း ဝိုင်းဝန်းဖြေရှင်းသွားကြရန်။

(၁၀) မူးယစ်ဆေးဝါးပိတ်ပင်တားဆီးရေး၊ ပညာပေးရေးလုပ်ငန်းများကို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားကြရန်။

(**မှတ်ချက်**။ အထက်ဖော်ပြပါအချက်(၁၀)ချက်အပြင် နောင်တွင်အခြားတင်ပြရန်အချက်အလက်များရှိလာပါက ဆက်လက်ဆွေးနွေးသွားပါမည်။)

ထို့နောက် ဗိုလ်မှူးကြီးဌေးမြင့်အောင်နှင့် ဦးနိုင်တလညီတို့သည် ပြည်နယ်အဆင့် ပဏာမသဘောတူညီချက်အတည်ပြုစာချုပ်အား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဦးနိုင်ရော့စတို့သည် ပြည်ထောင်စုအဆင့် ပဏာမသဘောတူညီချက်(၄)ချက်ပါ စာချုပ်အားလည်းကောင်း အပြန်အလှန်လဲလှယ်ကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဖေဖော်ဝါရီ ၁၁ ရက်က အမှတ်(၃)အခြေခံပညာဦးစီးဌာန အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း လှိုင်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၁၁-၂၀၁၂ ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကျင်းပရာ သူငယ်တန်းမှ ပထမဆုရရှိသော မောင်စည်သူအောင်အား ဆရာမကြီး ဒေါ်သာနုအေး ဆုချီးမြှင့်စဉ်။**

(၁၂၂)



# မြန်မာနိုင်ငံတစ်ဝန်းမှ ခရီးသည်နှင့် ကုန်စည်များကို နိုင်ငံတောင်ဖျားသို့ လွယ်ကူချောမွေ့စွာ ပို့ဆောင်ဆက်သွယ်ပေးနိုင်သည့် စစ်တောင်းမြစ်ကူးတံတား(မုပ္ပလင်)

- ❐ မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည်။
- ❐ အသုံးပြုလျက်ရှိသည့် စစ်တောင်းတံတား(သိမ်ဇရပ်)မှာ သက်တမ်းကြာမြင့်နေပြီး မော်တော်ကားလမ်းမှာ သံပေါင်အစွန်းထွက်ရက်မများပေါ်တွင် တည်ဆောက်ထားရာ ဝန်လေးယာဉ်ကြီးများ ဖြတ်သန်းရန် မသင့်လျော်တော့ပေ။
- ❐ ထို့ကြောင့် တန်ချိန် ၆၀ ဝန်ခံနိုင်အားရှိသော စစ်တောင်းတံတား (မုပ္ပလင်)ကို တည်ဆောက်သဖြင့် လမ်းပန်းဆက်သွယ်သွားလာမှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာသည်။
- ❐ တံတားကြီး အကျိုးကျေးဇူးကြောင့် မွန်ပြည်နယ်အတွက် စီးပွားရေးဘဝတွင် အရေးပါသည့် လူမှုလုပ်ငန်းဆောင်တာများကို လွယ်ကူစွာ လုပ်ကိုင်နိုင်ပြီဖြစ်သည်။

## တံတားအချက်အလက်များ

၁။ စစ်တောင်းမြစ်ကူးတံတား(မုပ္ပလင်)၏ ပင်မတံတားအရှည် ၁၃၆၅ ပေရှိသည်။ ချဉ်းကပ်တံတားများအနေဖြင့် ကျိုက်ထိုဘက်ကမ်းတွင် ၂၄၄ ဒသမ ၁ ပေ၊ ဝေါဘက်ကမ်း၌ ၇၈၃ ဒသမ ၆ ပေရှိသည်။ တံတား၏ စုစုပေါင်းအရှည်မှာ ၂၃၉၂ ဒသမ ၇ ပေရှိသည်။


၂။ ပင်မတံတားမှာ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။ ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်ဖြစ်သည်။

၃။ မော်တော်ယာဉ်သွားလမ်းအကျယ် ၂၈ ပေဖြစ်ပြီး တစ်ဖက်လျှင် ၆ ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။

၄။ တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ်မှာ ၂၉၅ ပေနှင့် အမြင့်ပေ ၂၀ ရှိသည်။

၅။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် တန် ၆၀ ခံနိုင်ဝန်ရှိသည်။

၆။ စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေး စီမံကိန်းကို ၂၆-၁-၂၀၀၅ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၂-၇-၂၀၀၈ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။








သတင်းမှတ်စု - မောင်ငြိမ်းအေး

27-2 (07).pmd 1 2/27/2012, 3:44 AM




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ရှိ Temple of Heaven Park အတွင်း ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ပေကျင်းမြို့ရှိ Temple of Heaven Park ၌ ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် Mr.Cao Wei Zhou လိုက်ပါလျက် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် ပေကျင်းမြို့ရှိ Temple of Heaven Park သို့ သွားရောက်ကြပြီး တရုတ်ဘုရားကျောင်း၊ သမိုင်းဝင် အဆောက်အအုံများနှင့် သက်တမ်းရင့်ထင်းရှူးပင်များ စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသား ပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်နှင့်အတူ Temple ဘုရားကျောင်းရှေ့၌ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးတင်ဦးနှင့်ဇနီး၊ စစ်သံမှူးဗိုလ်မှူးကြီး တင့်ဝေနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးတို့မှ မိသားစုဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ သင်တန်းများ တက်ရောက်နေကြသည့် သင်တန်းသား၊ သင်တန်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မှာကြားရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံသည် မိုင်ပေါင်းများစွာ ရှည်လျားသော နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် မိတ်ဆွေကောင်းများအဖြစ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးမူဝါဒကို အခြေခံထား၍ မဟာဗျူဟာမြောက် ချစ်ကြည်ရင်းနှီးမှုများရှိနေပြီဖြစ်ပါကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံတွင် ပြည်ထောင်စုလွှတ်တော် ကျင်းပနေသည့် အချိန်အခါ ဖြစ်သော်လည်း နှစ်နိုင်ငံဆောင်ရွက်ရန် ကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ လာရောက်ခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်တွင် မိမိတို့နိုင်ငံ၌ နိုင်ငံရေး တည်ငြိမ်မှုနှင့်အတူ နိုင်ငံတကာ ဆက်ဆံရေး၊ စီးပွားရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးအခြေခံကောင်းများ အတိုင်းအတာတစ်ခုအထိ ရရှိနေပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ သံရုံးဝန်ထမ်းများအနေဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဖြင့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရန်လိုကြောင်းဖြင့်မှာကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာ စားပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သံရုံးဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ပညာသင်ယူနေမှုများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကာ သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့သင်ယူနေကြသည့် ပညာရပ်များကို နိုင်ငံနှင့်လူမျိုးအတွက် လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်အောင် ကြိုးစားသင်ယူသွားကြရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး ဂုဏ်ပြုငွေများကိုပေးအပ်သည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းဦးဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၁)ဦး ပါဝင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာဝူဘန်ကို၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့အား ယူနန်ပြည်နယ် နိုင်ငံခြားရေးဌာန ညွှန်ကြားရေးမှူးချုပ် Ms.Zhou Hong၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် နိုင်ငံရေးဌာနမှ ဌာနမှူး Mr. Yang Run Xin၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးဇော်ဖြိုးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးဆောင်သောအဖွဲ့နှင့် ယူနန်ပြည်နယ် နိုင်ငံခြားရေးဌာန ညွှန်ကြားရေးမှူးချုပ်တို့သည် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမ၌ တွေ့ဆုံပြီး မြန်မာလွှတ်တော်နှင့် ယူနန်ပြည်သူ့ကွန်ဂရက်တို့၏ ဖွဲ့စည်းပုံ၊ တာဝန်၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆက်လက်ထွက်ခွာရာ ဒေသစံတော်ချိန် ည ၁၀ နာရီ ၄၅ မိနစ်တွင် ပေကျင်းအပြည်ပြည်ဆိုင်ရာ Capital လေဆိပ်သို့ ရောက်ရှိကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် ဒုတိယ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Cao Wei Zhou၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Cao Wei Zhou တို့ ပေကျင်းလေဆိပ်အထူးဧည့်ခန်းမ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

**အပြန်အလှန်နှုတ်ဆက်**

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့သည် လေဆိပ်အထူးဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ အပြန်အလှန် နှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ပေကျင်းမြို့ Grand Hotel Beijing သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မိမိတို့အမြင်အရ အနောက်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ်စိတ်ဝင်စားမှုအတော်များပြားနေသည်ကို သတိပြုမိပါကြောင်း၊ သို့ရာတွင် အနောက်နိုင်ငံများနှင့်ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာစေရေးဆောင်ရွက်ရာတွင် တရုတ်နှင့် ဆက်ဆံရေးအပေါ် မထိခိုက်စေရန် ဆောင်ရွက်သွားမည်ဆိုခြင်းကို ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးအရ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကောင်းမွန်သည့် နိုင်ငံတကာဆက်ဆံမှုအခြေအနေနှင့် ပွင့်လင်းသည့် စီးပွားရေးစနစ်တို့မှာ လိုအပ်ချက်များဖြစ်ပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာသည်မှာ ကောင်းမွန်သည့် နိုင်ငံတကာပတ်ဝန်းကျင်တစ်ရပ် ဖန်တီးထားနိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်ကောင်းမွန်မှုရှိမှ မိမိနိုင်ငံ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အနောက်နိုင်ငံများနှင့်ဆက်ဆံရာတွင် မိမိနိုင်ငံ၏ အဓိကအကျိုးစီးပွားကို အထိခိုက်ခံမည် မဟုတ်သည်ကို ၎င်းတို့သိရှိပါကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံဆက်ဆံရာတွင် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အပြန်အလှန်လေးစားသွားကြရမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့ဝင်များအား အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုက ပြည်သူ့ခန်းမဆောင်ကြီးရှိ အနောက်ဘက်ခန်းမကြီး၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်အနုပညာရှင်များက ခေတ်ပေါ်တေးဂီတများ၊ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သီဆိုဖျော်ဖြေကြသည့် တရုတ်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။ **(သတင်းစဉ်)**

# သဘာဝဓာတ်ငွေ့ပိုက်လိုင်းကွန်ရက် အစားထိုးပြုပြင်မှု ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ပိုက်လိုင်းကွန်ရက် အစားထိုးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကန်ဘောက်-ရန်ကုန် လက်မ ၂၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ကြံ့ခိုင်မှု ပိုမိုကောင်းမွန်သော P.E. Coated ပိုက်များဖြင့် အစားထိုး ဆက်သွယ်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိနေပြီ ဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါ ကန်ဘောက်-ရန်ကုန် လက်မ ၂၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတွင် ဆက်သွယ်ရန် ခက်ခဲသော စစ်တောင်းမြစ်ဖြတ် ပိုက်လိုင်းအား HDD (Horizontal Directional Drilling)တွင်းတူးစက်ဖြင့် မြစ်အောက်ကြမ်းပြင်မှ တူးဖော်ဆက်သွယ်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီးဦးသန်းငွေးသည် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စွပ္ပနူးကျေးရွာအနီး လုပ်ငန်းခွင်သို့ သွားရောက်၍ ပိုက်လိုင်းတူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းခွင်ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မြစ်အောက်မှ ဖောက်လုပ်ဆက်သွယ်ရသော ပိုက်လိုင်းများဖြစ်၍ နောင်တွင် ချွတ်ယွင်းမှုဖြစ်ပေါ်က ပြန်လည်ပြင်ဆင်ရန် မလွယ်ကူသဖြင့် သေချာမှုရှိအောင် တွက်ချက်ဆောင်ရွက်ထားရန်၊ ပိုက်လိုင်းများ ဆက်သွယ်ပြီးပါက ပိုက်လိုင်းအတွင်း သန့်စင်ခြင်းလုပ်ငန်းများကို ရာနှုန်းပြည့် သေချာမှုရှိအောင် အပိုင်းလိုက် အကြိမ်ကြိမ်ဆောင်ရွက်ပြီးမှသာ သဘာဝဓာတ်ငွေ့ပို့လွှတ်ရေး ဆောင်ရွက်ရန်၊ HDD စက်ကို ကွန်ပျူတာဖြင့် ထိန်းချုပ်တူးဖောက်ရသည်ဖြစ်ရာ ပညာရှင်နှင့်ကျွမ်းကျင်သူများ တိုးချဲ့လေ့ကျင့်ထားရေး၊ ပိုက်လိုင်းကွန်ရက်ကြီးများ ကျယ်ပြန့်လာသည်နှင့်အမျှ အသစ်ခင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ တိုးများလာမည်ဖြစ်၍ အဆင့်မီ welder များအပါအဝင် စွမ်းဆောင်ရည်မြင့်မားသောဝန်ထမ်းများ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ထားရန်တို့ကို ဆွေးနွေး မှာကြားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် တူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေး၍ တူးဖော်ရေးလုပ်သားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပိုက်ဆက်သွယ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာအနီးရှိ ပိုက်ဆက်အဖွဲ့အားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မင်းရွာအုပ်စု ကမ်းပျိုကျေးရွာအနီးရှိ ပိုက်ဆက်အဖွဲ့အား လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်သားများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေး ကျိုက်ထိုမြို့နယ် စွပ္ပနူးကျေးရွာအနီး စစ်တောင်းမြစ်ဖြတ်ပိုက်လိုင်းအား HDD (Horizontal Directional Drilling) တွင်းတူးစက်ဖြင့် ကန်ဘောက်-ရန်ကုန် လက်မ ၂၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# တိုက်နယ်ဆေးရုံ ဆိုင်းဘုတ်သစ်တင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စိုက်ပျိုးမွေးမြူရေးအမှတ်(၁)ရပ်ကွက် တိုက်နယ်ဆေးရုံတွင် ဖေဖော်ဝါရီ ၁၂ ရက်က တိုက်နယ်ဆေးရုံ ဆိုင်းဘုတ်သစ်တင်ပွဲ၊ ကလေးပြိုင်ပွဲ၊ စံပြမိခင်ပြိုင်ပွဲမှ ဆုရသူများ ဆုချီးမြှင့်ပွဲနှင့် စိုက်မွေး(၁) မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအား အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ စိုက်မွေး(၁) ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒဂုံတောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး စာရေးဆရာမ မြတ်စုမိုရ်(ရန်ကုန်တက္ကသိုလ်)က စိုက်မွေး(၁) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေကျပ်နှစ်သိန်း ငါးသောင်း ပေးအပ်သဖြင့် အသင်း၏ ဘဏ္ဍာရေးမှူး ဒေါ်ရီရီသက်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။**(မြန်မာ့အလင်း)**

**အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း လှိုင်မြို့နယ်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက ပထမဆုရ ပထမတန်းကျောင်းသူ မခိုင်ဇင်သော်အား ဆုချီးမြှင့်စဉ်။** (၀၄၂)



**အလီမှာ စာမှာရှိ**

# အင်္ဂလိပ်ဘာသာကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ပဲခူးမြို့ ပဲခူးတက္ကသိုလ်၌ အင်္ဂလိပ်ဘာသာတိုးတက်မြင့်မားရေးအတွက် ရည်ရွယ်ကျင်းပသော ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများက ကျပန်းစကားပြောပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပါမောက္ခချုပ် ဒေါက်တာကြည်စိုးနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၏ မိုးပွင့်အဆင့် (၂)စီမံချက်အရ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်နှင့် ပုသိမ်ညွန့်ရပ်ကွက်တို့၌ ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက် တို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အရှေ့ပိုင်းခရိုင်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းခိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ညွန့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၀၄၂)



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း အင်္ဂလိပ်ဘာသာကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

## ဆေးပဒေသာပင် အလှူငွေပေးအပ်

သာပေါင်း ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အလှူရှင် ဦးမောင်မောင်စိုးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ အလှူငွေကျပ်သိန်း ၃၀ လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီးဒေါက်တာသန့်လွင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ)

(မြို့နယ် ပြန်/ဆက်)



## ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည်တနင်္သာရီကမ်းလွန် လုပ်ကွက်အမှတ် M-12 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Western Spirit ဖြင့် မတ်လ ၃ ရက်မှ ဇွန်လ ၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်မည့် တနင်္သာရီကမ်းလွန် လုပ်ကွက်အမှတ် M-12 ၏ ဧရိယာတည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၄ မိနစ် ၃၂ ဒသမ ၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၅ မိနစ် ၄၆ ဒသမ ၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၅ မိနစ် ၃၉ ဒသမ ၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၅ မိနစ် ၄၆ ဒသမ ၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၅ မိနစ် ၅၉ ဒသမ ၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၇ မိနစ် ၂၅ ဒသမ ၈ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၅ မိနစ် ၃၇ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၉ မိနစ် ၁၉ ဒသမ ၅ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၅ မိနစ် ၁၅ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၉ မိနစ် ၃၃ ဒသမ ၄ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၄ မိနစ် ၃၀ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၇ မိနစ် ၀၄ ဒသမ ၀ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၄ မိနစ် ၃၀ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၇ မိနစ် ၀၄ ဒသမ ၀ စက္ကန့်နှင့် Point H မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၄ မိနစ် ၃၂ ဒသမ ၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၇မိနစ် ၂၆ ဒသမ ၅ စက္ကန့် အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်၍ တနင်္သာရီကမ်းလွန်လုပ်ကွက် အမှတ် M-12 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Western Spirit ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

## နို့မှုန့်နှင့်ကလေးအသုံးအဆောင်ပစ္စည်းများ လှူဒါန်း

တပ်ကုန်း ဖေဖော်ဝါရီ ၂၆

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကံကြီးအုပ်စု နောင်ဘိုအိုးကျေးရွာရှိ သုံးမြွှာပူး မမိုးရတနာမြိုင်၊ မမိုးမာလာမြိုင်၊ မမိုးသော်တာမြိုင်တို့အတွက် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၃ နာရီက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဒေါက်တာဂျူဂျူစန်းနှင့်အဖွဲ့ဝင်များ၊ ဒေါက်တာစမ်းစမ်းလှိုင်(မေတ္တာစမ်းရေဆေးခန်း)၊ နေပြည်တော်ကောင်စီနယ်မြေ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုဉက္ကဋ္ဌ ဒေါ်ဝင်းဝင်းခိုင်နှင့်အဖွဲ့ဝင်များက နို့မှုန့်ဘူးများအပါအဝင် ကလေးအသုံးအဆောင်ပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် တစ်သိန်းကျော်နှင့် ငွေသားခုနစ်သောင်းပေးအပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ကလေးမူကြိုကျောင်းသို့သွားရောက်ပြီး ကလေးငယ်များအား အာဟာရအအေးရည် တိုက်ကျွေးခဲ့ကြကြောင်းသိရှိရသည်။ (၄၁၇)

## ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

## ဈေးဝယ်သူ၏ စားကုန်ဈေးနှုန်းအညွှန်း

အမေး၊ အရေး–မချို

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့မဈေး၌ ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့)က မေးမြန်းသိရှိရသော အခြေခံ စားကုန်ဈေးနှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြလိုက်ရပါသည်-

| စဉ် | ကုန်ပစ္စည်းအမည် | သင့်ငွေ(ကျပ်) | မှတ်ချက် |
|---|---|---|---|
| ၁။ | ပေါ်ဆန်းမွှေး(ရှယ်)တစ်ပြည် | ၁၆၅၀ | ပုံမှန်ဈေး(အဟောင်း) |
| ၂။ | ပေါ်ဆန်းမွှေး(ရှယ်)တစ်ပြည် | ၁၃၀၀-၁၃၅၀ | ပုံမှန်ဈေး(အသစ်) |
| ၃။ | ဧယာဆန်တစ်ပြည် | ၇၀၀-၇၅၀-၈၅၀ | အပြောင်းအလဲရှိ |
| ၄။ | မနောသုခ(ရှယ်)တစ်ပြည် | ၁၁၀၀ | ပုံမှန်ဈေး(အဟောင်း) |
| ၅။ | မနောသုခ(ရှယ်)တစ်ပြည် | ၇၀၀ | ပုံမှန်ဈေး(အသစ်) |
| ၆။ | ပဲဆီသန့်တစ်ပိဿာ | ၃၈၀၀ | ပုံမှန်ဈေး |
| ၇။ | နှမ်းဆီတစ်ပိဿာ | ၂၃၀၀-၂၄၀၀ | ပုံမှန်ဈေး |
| ၈။ | စားအုန်းဆီတစ်ပိဿာ | ၁၇၀၀-၁၈၀၀ | ပုံမှန်ဈေး |
| ၉။ | ကြက်သားတစ်ပိဿာ | ၄၅၀၀-၅၀၀၀ | (အသားဈေး) |
| ၁၀။ | ကြက်သားတစ်ပိဿာ | ၃၅၀၀ | အကောင်လိုက်ဈေး |
| ၁၁။ | ဝက်သားတစ်ပိဿာ | ၅၀၀၀ | ပုံမှန်ဈေး |
| ၁၂။ | အမဲသားတစ်ပိဿာ | ၅၀၀၀ | ပုံမှန်ဈေး |
| ၁၃။ | ဆိတ်သားတစ်ပိဿာ | ၇၀၀၀ | ပုံမှန်ဈေး |
| ၁၄။ | ငါးကြင်းတစ်ပိဿာ | ၂၂၀၀ | အကောင်လိုက်ဈေး |
| ၁၅။ | ကြက်ဥ ၁၁ လုံး | ၁၀၀၀ | ပုံမှန်ဈေး |
| ၁၆။ | ဘဲဥ ၁၀ လုံး | ၁၁၀၀ | အတတ်အကျရှိ |
| ၁၇။ | ကြက်သွန်ဖြူ(ရှမ်းမွှာကြီး) တစ်ပိဿာ | ၁၅၀၀-၁၆၀၀ | ဈေးတက်လာ |
| ၁၈။ | ကြက်သွန်နီ(အလုံးကြီး) | ၅၀၀ | အသစ်ထွက်၍ဈေးချို |
| ၁၉။ | ကြက်သွန်နီ(အလုံးသေး) | ၃၀၀-၄၀၀ | အသစ်ထွက်၍ဈေးချို |
| ၂၀။ | အာလူး(အလုံးကြီး) | ၅၀၀-၆၀၀ | ဖြိုးဖြိုးပေါ် |
| ၂၁။ | အာလူး(အလုံးလတ်) | ၃၀၀-၄၀၀ | ဖြိုးဖြိုးပေါ် |
| ၂၂။ | ပန်းဂေါ်ဖီတစ်ထုပ် | ၁၅၀-၂၀၀ | လှိုင်လှိုင်ထွက် |
| ၂၃။ | ဂေါ်ဖီထုပ်တစ်ထုပ်(အကြီး) | ၄၀၀-၅၀၀ | လှိုင်လှိုင်ထွက် |
| ၂၄။ | ဂေါ်ဖီထုပ်တစ်ထုပ်(အသေး) | ၂၀၀-၃၀၀ | လှိုင်လှိုင်ထွက် |
| ၂၅။ | ခရမ်းချဉ်သီး(အလုံးကြီး) တစ်ပိဿာ | ၂၀၀-၂၅၀ | လှိုင်လှိုင်ထွက်၍ဈေးချို |
| ၂၆။ | မရန်းသီးတစ်ဆယ်သား | ၃၀၀ | လှိုင်လှိုင်ထွက်၍ဈေးချို |
| ၂၇။ | ခရမ်းသီးတစ်ပိဿာ | ၁၀၀ | ဖြိုးဖြိုးပေါ် |

## အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၆

### ပညာပန်းခင်းစာကြည့်တိုက် ထန်းတပင်မြို့နယ်၌ဖွင့်

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဝါးတရာကျေးရွာအုပ်စု ရေတွင်းကုန်း(၂) ကျေးရွာတွင် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက ပညာပန်းခင်းစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးကျော်စိုးသိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ငြိမ်းငြိမ်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးကျော်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ ခိုင်မြဲရေးအကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါစာကြည့်တိုက်သို့ ရန်ကုန်တိုင်းဒေသကြီးက လှူဒါန်းသည့်ငွေကျပ် ၁၀ သိန်းနှင့် သွပ်အချပ် ၅၀ ကို ဒုတိယဦးစီးမှူးက ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လည်းကောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းသည့် စာအုပ်စာစောင် ၁၀၀ ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဉက္ကဋ္ဌ ဦးကျော်မြင့်က လည်းကောင်း၊ အလှူရှင်ဦးထွန်းဝင်းက လှူဒါန်းသည့် မဂ္ဂဇင်းစုံ အုပ်ရေ ၄၀၀ ကို စာကြည့်တိုက်အတွင်းရေးမှူး ဦးမျိုးသန့်က လည်းကောင်း ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

## မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။



### မိုးသောက်ပန်းစာကြည့်တိုက် အဆောက်အအုံသစ် မင်းတုန်းမြို့နယ် ပြောင်းပြာကျေးရွာ၌ဖွင့်

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ပြောင်းပြာကျေးရွာ၌ မိုးသောက်ပန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီခွဲက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကြင်ကြင်သန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရွှေသောင်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ငွေပဒေသာပင်၊ မီဒီယာပစ္စည်းနှင့် စာအုပ်လှူဒါန်းပွဲကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က ငွေပဒေသာပင် ငွေကျပ်နှစ်သောင်းနှင့် စာအုပ်စာစောင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်တစ်သောင်းစီနှင့် စာအုပ် စာစောင်များ၊ ဦးကျော်စိုးဝေ၊ ဒေါ်ခင်စိုးမိုးတို့က ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများက စာအုပ် စာစောင် ၅၉၇အုပ်ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၀ သိန်း၊ ကျေးရွာပြည်သူများထည့်ဝင်ငွေကျပ် ၁၅ သိန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်သူ့ဆက်ဆံရေးသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် မြန်မာ့လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုပညာသင်တန်းကျောင်း (MHR) နှင့် မြန်မာသီဟကုမ္ပဏီတို့ ပူးပေါင်းဖွင့်လှစ်သည့် ပြည်သူ့ဆက်ဆံရေးသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် လှိုင်မြို့နယ်ရှိ Myanmar Info-Tech ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် သက်ဆိုင်ရာနယ်ပယ်အသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာအရာထမ်းများအနေဖြင့် ၂၁ ရာစု၏ ပြည်သူ့ဆက်ဆံရေးနယ်ပယ်တွင် လိုအပ်သည့်ဗျူဟာများ၊ နည်းပရိယာယ်များ၊ အတတ်ပညာနှင့် နည်းပညာများအား ခေတ်နှင့်အမီ သိရှိနားလည် ကျင့်သုံးနိုင်မှသာလျှင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး မိမိနိုင်ငံ၊ မိမိတိုင်းဒေသကြီး၊ မိမိရုံးဌာနအဖွဲ့အစည်းများ၏ တိုးတက်ရာတိုးတက်ကြောင်းကို ထိရောက်အောင် ဆက်ဆံလုပ်ကိုင်နိုင်မည် ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ဖြစ်ပေါ်လာနိုင်သည့် သတင်းအမှား အန္တရာယ်များအား အချိန်မီသိရှိ တုံ့ပြန်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းသည် အသိဉာဏ်ပညာအခြေပြု လူ့အဖွဲ့အစည်း (Knowledge Society ) တစ်ခု ဖြစ်ပေါ်လာရန် မရှိမဖြစ်လိုအပ်သည့် အခြေခံတစ်ရပ်ဖြစ်သော စဉ်ဆက်မပြတ် သင်ယူလေ့လာခြင်း (Continuous Learning) ၏ ပထမခြေလှမ်းတစ်လှမ်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးကိုကိုလှိုင်က အမှာစကားပြောကြားပြီး မြန်မာ့လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအေးကျော်က သင်တန်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်း၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ဂုဏ်ထူးဆောင် ဆရာမကြီး ဒေါ်လှမြင့်နှင့် မြန်မာ့လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီးတို့က ဆွေးနွေးဟောပြော ပို့ချကြမည်ဖြစ်ပြီး သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာအသီးသီးမှအရာရှိ သင်တန်းသား ၈၁ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ပြည်သူ့ဆက်ဆံရေးသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## မော်တော်ယာဉ်ပိတ်ဆို့မှု အကူအညီပေးသင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်မြို့ ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းဆုံ (တော်လှန်ရေးပန်းခြံရှေ့)တွင် နေ့စဉ်မကြာခဏ ယာဉ်ကြောပိတ်ဆို့လျက်ရှိသည်ကို တွေ့မြင်နေရသည်။

၄င်းလမ်းဆုံတွင် နေထိုင်သူ တစ်ဦးက "အမြဲပဲဗျ၊ အနည်းဆုံး နာရီဝက် တစ်ခါလောက် ကားလမ်းပိတ်ဆို့မှုဖြစ်တယ်၊ ဖြစ်ပြီဟော့ဆိုတာနဲ့ ကားကြီးကားငယ်တွေက ခေါင်းတိုးဝင်ပြီးလမ်းလုကြတော့တာပဲ" ဟု သူ့အမြင်ကို ပြောပြသည်။

လမ်းပိတ်ဆို့မှုမှာ တစ်ခါတစ်ရံ ဗားကရာလမ်းကြော မြေနီကုန်းမီးပွိုင့်လမ်းဆုံအထိ၊ ဦးဝိစာရလမ်းဆုံ မီးပွိုင့်အထိနှင့် ပြည်လမ်းအထွက်လမ်းဆုံအထိ အချိန်ကြာမြင့်စွာ ယာဉ်များပိတ်ဆို့မှု ဖြစ်ပွားလေ့ရှိသည်။

ထိုအချိန်တွင် လိုင်းကားယာဉ်ငယ် (ဟိုင်းလတ်)များက တစ်ဖက်လမ်းကြောမှ လမ်းပြောင်းပြန်ဝင်ပြီး ကားတန်းအနည်းငယ်ဟနေသည့်နေရာတွင် ကားခေါင်းအတင်းဝင်ထိုးပြီး "ဆရာကြီးရေ တစ်စီးလောက်" ဆိုပြီး အတင်းဝင်ကပ်ကြသည်။



### သတင်းမှတ်စုနှင့်ဓာတ်ပုံ
### တင်ဝင်းလေး(ကြည့်မြင်တိုင်)

"အဲဒီနေရာမှာ လိုင်းကားလေးတွေကသိပ်ဆိုးတာပဲ၊ အတင်းဝင် အတင်းကပ်ပြီး အစ်ကိုကြီးရေ တစ်စီးလောက်ဆိုပြီး ကားခေါင်းတည်ထားတော့တာပဲ၊ ဒီကြားထဲ နောက်က လိုင်းကားကြီးတွေက စက်သံမြှင့်ပြီး ဗြူးဗြဲနဲ့ လုပ်တာရှိသေးတယ်" ဟု ကိုယ်ပိုင်ယာဉ်ငယ်လေး မောင်းသော ကြည့်မြင်တိုင်မှ ကိုသက်နိုင်ဝင်းက ပြောပြသည်။

ဤသို့ နေ့စဉ် မကြာခဏ ဖြစ်ပေါ်နေသည့် ယာဉ်ကြောပိတ်ဆို့မှုများကို ယာဉ်ထိန်းရဲများဖြင့် အကူအညီပေး ဖြေရှင်းသင့်ပါကြောင်း ယာဉ်မောင်းသူများထံမှ ကြားသိရသည်။ ။

**ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းဆုံတွင် တွေ့မြင်ရလေ့ရှိသော ယာဉ်ကြောပိတ်ဆို့မှု မြင်ကွင်း။**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

မောင်မောင်မြင့်ဆွေ-ရေးသားသည်

## မန်ယူတို့အချိန်ပိုရောက်မှ အနိုင်ဂိုးသွင်းအောင်ပွဲခံ အာဆင်နယ်တို့အိမ်ကွင်း၌ နိုင်ပွဲရ



**လန်ဒန် ဖေဖော်ဝါရီ ၂၆**

ပရီမီယာလိဂ်ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၆ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ နော့ဝှစ်နှင့် မန်ယူတို့ပွဲတွင် မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

မန်ယူတို့အဝေးကွင်း၌ ကစားရသော်လည်း ပထမပိုင်းပွဲအစ ၇ မိနစ်မှာပင် ကွင်းလယ်ကစားသမား ပေါလ်စခိုးက အနီးကပ်ခေါင်းတိုက်၍ အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အိမ်ကွင်း၌ နော့ဝှစ်တို့က မာမာတင်းတင်းကစားမှုကြောင့် မန်ယူတို့ ထင်တိုင်းမပေါက်ခဲ့ချေ။

ဒုတိယပိုင်းပွဲချိန်အတွင်း မန်ယူမှ ဝဲလ်ဘတ်နှင့် ဂစ်တို့အခွင့်အရေးကောင်းများကို ပိုင်နိုင်စွာအသုံးမချနိုင်ခြင်းကြောင့် မန်ယူတို့ဂိုးရရှိရေး နစ်နာခဲ့ရသည်။ ပွဲချိန် ၈၃ မိနစ်၌ နော့ဝှစ်မှ ဟိုတ်က မန်ယူဂိုးဧရိယာအတွင်းမှ ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိသွားခဲ့သည်။

**ဆက်လက်ရပ်တည်**

ပွဲချိန် ၉၁ မိနစ်၌ မန်ယူဝါရင့်ကစားသမား ဂစ်က နော့ဝှစ်ဂိုးပေါက်အနီး ဘယ်ခြေဖြင့်သွင်းယူခဲ့သဖြင့် မန်ယူတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး တန်းစီဇယား ဒုတိယနေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်နှင့် စပါးတို့ပွဲတွင် အာဆင်နယ်က ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## ဒူဘိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲ ပိုလန်တင်းနစ်မယ် ဖလားဆွတ်ခူး

**ဒူဘိုင်း ဖေဖော်ဝါရီ ၂၆**

ဒူဘိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ပိုလန်တင်းနစ်မယ် ရက်ဝမ်စကာနှင့်ဂျာမနီတင်းနစ်မယ် ဂျူလီယာဂျော့စ်တို့ ဖေဖော်ဝါရီ ၂၆ရက်က ယှဉ်ပြိုင်ကစားရာ ပိုလန်တင်းနစ်မယ် ရက်ဝမ်စကာက အနိုင်ရဗိုလ်စွဲပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ပိုလန်တင်းနစ်မယ် ရက်ဝမ်စကာသည် ဂျူလီယာဂျော့စ်အား ၇-၅၊ ၆-၄ ဖြင့် အနိုင် ရရှိခဲ့ခြင်းဖြစ်ပြီး ယခုဖလားသည် သူမ၏ရှစ်ကြိမ်မြောက် ဆုဖလားရရှိခြင်းပင်ဖြစ်သည်။ ယခုပွဲကိုအနိုင်ရရှိရန် ရက်ဝမ်စကာသည် နှစ်နာရီကြာမျှ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ဂျာမနီတင်းနစ်မယ် ဂျူလီယာဂျော့စ်သည် ပြီးခဲ့သည့် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် စတုတ္ထအဆင့်ပွဲစဉ်၌ ပိုလန်တင်းနစ်မယ် ရက်ဝမ်စကာကို ရှုံးနိမ့်ခဲ့ဖူးသည်။

ပိုလန်တင်းနစ်မယ်ရက်ဝမ်စကာသည် ယခုနှစ်၌ ပထမဆုံးဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းသည်

## ရီဟာန်နားနဲ့ ခရစ်ဘရောင်း ပြန်ပေါင်းထုပ်ကြပြီ

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၆**

R&B အဆိုတော်တွေဖြစ်ကြတဲ့ ခရစ်ဘရောင်းနဲ့ ရီဟာန်နား **(ယာပုံ)**တို့ဟာ တစ်ချိန်ကချစ်သူတွေဖြစ်ပြီး လမ်းခွဲခဲ့ကြကာ ယခုနောက်တစ်ဖန် သူတို့နှစ်ဦးအတူ ပြန်ပေါင်းထုပ်ပြီး တေးအယ်လ်ဘမ်အသစ်တစ်ခုထွက်ဖို့ စီစဉ်နေကြပါတယ်။ အဆိုတော် ခရစ်ဘရောင်းဟာ ရည်းစားဟောင်း ရီဟာန်နားကို လွန်ခဲ့သောသုံးနှစ်က ရိုက်ပုတ်စော်ကားခဲ့ပြီး အပြစ်ရှိကြောင်း ဝန်ခံခဲ့ရသူဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ယခုအခါမှာတော့ တေးအယ်လ်ဘမ်သစ်အတူထွက်ဖို့ ကြိုးစားနေကြပါပြီ။

အသက် ၂၂နှစ်ရှိတဲ့ခရစ်ဘရောင်းနဲ့ အသက် ၂၄နှစ်ရှိ ရီဟာန်နားတို့ဟာ We Found Loveလို့ အမည်ရတဲ့တေးအယ်ဘမ်တစ်ခုထွက်ဖို့အတူတကွ စီစဉ်နေကြတာဖြစ်ပါတယ်။ဒီသီချင်းခွေဟာ အဆိုတော် ရီဟာန်နားရဲ့ ၂၄နှစ်မြောက်မွေးနေ့အဖြစ် ထွက်မှာဖြစ်ပါတယ်။ အဆိုတော် ရီဟာန်နားကလည်း ခရစ်ဘရောင်းရဲ့ Turn Up Music လို့ အမည်ရတဲ့အခွေမှာ အားဖြည့်သီဆိုပေးထားတယ်လို့သိရပါတယ်။ **(အင်တာနက်)**



## အဆိုတော်ဆေလိုင်းဒိုင်ယွန် လက်စ်ဗီးဂတ်စ်မြို့ ပွဲစဉ်များဖျက်သိမ်း



**လက်စ်ဗီးဂတ်စ် ဖေဖော်ဝါရီ ၂၆**

နာမည်ကြီးအဆိုတော် ဆေလိုင်းဒိုင်ယွန် **(ဝဲပုံ)**ဟာ အသံအိုးရောင်ရမ်းမှုကြောင့် လက်စ်ဗီးဂတ်စ်မြို့မှာသွားရောက်ဖျော်ဖြေမယ့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ရပါတယ်။

အဆိုတော် ဆေလိုင်းဒိုင်ယွန်ကို သူမရဲ့ဆရာဝန်က ရောဂါသက်သာပျောက်ကင်းဖို့ သီတင်းတစ်ပတ်ကြာ အနားယူဖို့ အကြံပြု တိုက်တွန်းထားပါတယ်။ သူမဟာ ပြီးခဲ့တဲ့ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၉ ရက်အထိ လက်စ်ဗီးဂတ်စ်မြို့ရဲ့ ကိုလော့ဆီယမ် အပန်းဖြေစခန်းမှာ လေးရက်တိုင်တိုင် သီဆိုဖို့ စီစဉ်ထားခဲ့ခြင်းဖြစ်ပါတယ်။

ဒါကြောင့် အဆိုတော်ဆေလိုင်းဒိုင်ယွန်ဟာ လာမယ့်မတ် ၃ရက်မှ ပြန်ပြီး သီဆိုဖျော်ဖြေမယ့် အစီအစဉ်ကို ပြန်စမယ်လို့ဆိုပါတယ်။ သူမဟာ ကနေဒါနာမည်ကြီး အဆိုတော်တစ်ဦးဖြစ်ပြီး ကမ္ဘာတစ်ဝန်း လှည့်လည်ဖျော်ဖြေနေတဲ့ အဆိုတော်တစ်ဦးဖြစ်ပါတယ်။ လက်စ်ဗီးဂတ်စ်မြို့ဟာ သူမရဲ့ဂီတဖျော်ဖြေပွဲ အများဆုံး ပြုလုပ်တဲ့မြို့ဖြစ်ပါတယ်။ **(အင်တာနက်)**

## ကျေးလက်ဆေးပေးခန်း အဆောက်အအုံသစ် ဝမ်းတွင်းမြို့နယ် လေးမျက်နှာ စံပြကျေးရွာ၌ဖွင့်

**ဝမ်းတွင်း ဖေဖော်ဝါရီ ၂၆**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် လေးမျက်နှာစံပြကျေးရွာ ကျေးလက်ဆေးပေးခန်းအဆောက်အအုံသစ်ဖွင့်ပွဲနှင့်ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၁၀နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုထွေးနှင့် ပင်းတလဲတိုက်နယ်ဆရာဝန် ဒေါက်တာစည်သူစန်းတို့က ဆေးပေးခန်းအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးဦးအောင်မြက အမှာစကားပြောကြားပြီး တိုက်နယ်ဆရာဝန်ကြီးက ဆေးပေးခန်းဖွင့်လှစ်ရခြင်း အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးကြည်မောင်က ဆေးခန်းဖြစ်ပေါ်လာပုံ ရှင်းလင်းပြောကြားပြီး ရပ်မိရပ်ဖ ဦးတင်ထွန်းက ကျေးဇူးတင်စကားပြောကြားကာ တာဝန်ရှိသူတစ်ဦးက ဆေးခန်းနှင့် သက်ဆိုင်သော အချက်အလက်များကို တိုက်နယ်ဆရာဝန်ကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆောက်အအုံတန်ဖိုးမှာ ငွေကျပ်သိန်း ၆၀ ကုန်ကျပြီး အလျား ပေ၃၀၊ အနံ ၂၆ပေ၊အမြင့် ၁၂ပေ၊ အာရ်စီတစ်ထပ်တိုက်ဖြစ်ကြောင်း သိရှိရသည်။ **(၄၁၄)**



# မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်နိုင်ငံက အမြဲတမ်းမှန်ကန်စွာ ရပ်တည်ပေးမှုအတွက် ကျေးဇူးတင် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးအပြင် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည်

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း**

# တရုတ်-မြန်မာနှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုများ တိုးတက်လျက်ရှိ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မြန်မာနိုင်ငံတွင် စက်မှုထွန်းကားလာစေရေး အလေးပေးဆောင်ရွက်မည်

**တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကို**

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုအား ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၅ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Xin Jiang ဧည့်ခန်းမ၌ တွေ့ဆုံသည်။**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုတို့ တွေ့ဆုံစဉ်။** (သတင်းစဉ်)

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရ ဦးအောင်ကို၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ ပြည်သူ့လွှတ်တော် ရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်မင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေး နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာမောင်မောင်ဝင့်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီးဌေးနိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့် ပြည်သူ့လွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Zhang Zhijun၊ တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူး Mr.Deng Sheng Ming၊ အမျိုးသားပြည်သူ့ ကွန်ဂရက် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr.Cao Wei Zhou၊ *စာမျက်နှာ ၈ ကော်လံ ၁* ◆

# ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပဏာမသဘောတူညီချက်လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော မွန်ပြည်သစ်ပါတီနှင့် နိုင်ငံတော်အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့တို့သည် ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ရန်အတွက် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ Strand Hotel သို့ ဖေဖော်ဝါရီ ၂၄ ရက်တွင် ရောက်ရှိပြီး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စက်မှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဇော်မင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းထွန်းနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်တို့သည် မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဦးနိုင်ရော့စ ဦးစီးသည့်အဖွဲ့နှင့် ပဏာမ ညှိနှိုင်း ဆွေးနွေးကြသည်။


ထို့နောက် မော်လမြိုင်မြို့ Strand Hotel ၌ ကျင်းပသော မွန်ပြည်နယ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်သစ် ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဦးနိုင်ရော့စ ဦးစီးအဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ တက်ရောက်ကြပြီး ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများက မွန်ပြည်နယ် *စာမျက်နှာ ၆ ကော်လံ ၁* ●




**ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် မွန်ပြည်သစ်ပါတီ(NMSP) ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ ဦးနိုင်ရော့စတို့ ပြည်ထောင်စုအဆင့် ပဏာမသဘောတူညီချက် (၄)ချက်ပါ စာချုပ်အား အပြန်အလှန် လဲလှယ်ကြစဉ်။** (သတင်းစဉ်)


မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ


ကမ္ဘာ့အရပ်အမြင့်ဆုံးလူသား ဆူလ်တန် ဦးနှောက်အကျိတ် ခွဲစိတ်ကုသပြီးနောက် လေ့ကျင့်ခန်းများ ပြုလုပ်နေ စာ-၅


အဆိုတော် ဆေလိုင်းဒီယွန် လက်စ်ဗီးဂတ်စ်မြို့ ပွဲစဉ်များ ဖျက်သိမ်း စာ-၁၁


မန်ယူတို့ အချိန်ပိုရောက်မှ အနိုင်ဂိုးသွင်းအောင်ပွဲခံ အာဆင်နယ်တို့ အိမ်ကွင်း၌ နိုင်ပွဲရ စာ-၁၁